သို့

နိုဘယ်လ်ဆုရွေးချယ်ရေးကော်မတီ
အော်စလို

အော်စလို - ၂၂ မတ် ၂၀၂၁

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကော်မတီ

မြန်မာနိုင်ငံရှိ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု ( CDM - Civil Disobedience Movement)ကို နိုဘယ်လ်ငြိမ်းချမ်းရေးဆုအတွက် အမည်စာရင်း တင်သွင်းအပ်ပါသည်။

၂၀၂၀ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) သည် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ်နေရာအများစုကို ခိုင်ခိုင်မာမာ ရရှိပြီး အနိုင်ရခဲ့ပါသည်။ နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ အဆိုအရ ရွေးကောက်ပွဲတွင် မှားယွင်းလွဲချော်မှုများ ကြီးကြီးမားမားမရှိခဲ့ပါ။ ငြိမ်းချမ်းစွာကျင်းပနိုင်ခဲ့သောရွေးကောက်ပွဲဟု ဆိုပါသည်။ ရွေးကောက်ပွဲ၏ ဖြောင့်မတ်မှုကို ပြည်တွင်းကရော နိုင်ငံတကာကပါ အသိအမှတ်ပြုခဲ့သော်လည်း မြန်မာ့တပ်မတော်က မဲမသမာမှုများရှိသည်ဟုဆိုကာ ရွေးကောက်ပွဲရလဒ်ကို စိန်ခေါ်ကန့်ကွက်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် တပ်မတော်သည် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ အန်အယ်လ်ဒီ အစိုးရကို ဖယ်ရှားပြီး စစ်အစိုးရ ( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) ဖြင့် အစားထိုးလိုက်သည်။ သမ္မတဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အစိုးရဝန်ကြီးများနှင့် ပါတီခေါင်းဆောင်များကို တပ်မတော်က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ စစ်တပ်ကအာဏာသိမ်းမှုကြောင့် နိုင်ငံအနှံ့အပြားတွင် ဆန္ဒပြပွဲများ ပေါ်ပေါက်လာသည်။ အန်အယ်လ်ဒီပါတီခေါင်းဆောင်များက စစ်အာဏာသိမ်းမှုကို အကြမ်းမဖက်နည်းလမ်းဖြင့် ဆန့်ကျင်ရန် ပြည်သူလူထုကို ဆော်ဩခဲ့ပါသည်။ အလုပ်သမားများနှင့် အလုပ်သမားသမဂ္ဂများက အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုကို လုပ်ဆောင်၍ အထွေထွေသပိတ်ကြီးကို ဆင်နွှဲကြသည်။ ဂျန်ဇီး ( Generation Z ) ဟု အမည်တွင်သော လူငယ်များက စစ်တပ်အာဏာသိမ်းမှုကိုဆန့်ကျင်သော လူထုဆန္ဒပြပွဲများကို စည်းရုံးဖော်ဆောင်ကြသည်။ ဤလူထုဆန္ဒပြပွဲများတွင် တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ အလုပ်သမားများ၊ LGBT အစုအဖွဲ့များ၊ အနုပညာရှင်များ၊ ဗုဒ္ဓဘာသာရဟန်းတော်များ၊ ခရစ်ယာန်သီလရှင်များ စသဖြင့် အစုအဖွဲ့အသီးသီးက ကြီးမားကျယ်ပြန့်စွာ ပါဝင်ကြသည်။ တပ်မတော်အာဏာသိမ်းလိုက်သည့်နောက်တွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သောလှုပ်ရှားမှုများသည် မြန်မာပြည်အနှံ့ အကြီးအကျယ်ပေါ်ပေါက်လာခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာရေးပေါင်းစုံ၊ မျိုးဆက်ပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ ကျားမနှင့် LGBT ပေါင်းစုံ ပါဝင်သောလှုပ်ရှားမှုများ ဖြစ်ပါသည်။ သို့ဖြင့် CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကြီး) မွေးဖွားလာပါသည်။

မြန်မာစစ်တပ်သည် CDM လှုပ်ရှားမှုကြီးကို အင်အားသုံး၍ အကြမ်းဖက်တုန့်ပြန်ပါသည်။ ၂၀၂၁ ခုနှစ် မတ်လ ၁၆ ရက်နေ့အထိ လူပေါင်း ၂၁၈၁ ယောက်ကို မတရားဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကလေးသူငယ်များအပါအဝင်လူပေါင်း ၂၀၂ယောက်ကို သတ်ဖြတ်ခဲ့ပါသည်။ အရပ်သားတချို့ကို ဦးခေါင်းတည့်တည့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်း၊ အသက်သေစေသည်အထိ

အကြမ်းဖက်ခြင်း စသည့်နည်းလမ်းများကို ရည်ရွယ်ချက်ရှိရှိ အသုံးပြုခဲ့သည်။ ဆန္ဒပြပြည်သူလူထုကို ကြောက်လန့်သွားစေရန်၊ အကြမ်းဖက်တုန့်ပြန်လာစေရန်၊ လူထုက အကြမ်းဖက်တုန့်ပြန်လာသောကြောင့် တပ်မတော်ဘက်က အင်အားသုံးပစ်ခတ်ရပါသည်ဟု အကြောင်းပြချက်ပေးနိုင်ရန်ဖြစ်သည်။ စစ်တပ်က အရပ်သားများကို စနစ်တကျ သတ်ဖြတ်ညှဉ်းပမ်းခြင်းသည် လူ့အခွင့်အရေးကို အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်။ ထိုကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အပါအဝင် နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများက ပြင်းပြင်းထန်ထန်ရှုတ်ချပြစ်တင်ခဲ့ပါသည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းရေးအဖွဲ့ (IIMM - Independent Investigative Mechanism for Myanmar) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများကလည်း အသေအချာ စောင့်ကြည့်နေခဲ့ပါသည်။ စစ်တပ်က ဆန္ဒပြမှုများကို အကြမ်းဖက်သတ်ဖြတ်ဖြိုခွဲခဲ့သော်လည်း မြန်မာပြည်သူလူထုသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုဖြင့် ဆက်လက်ဆန့်ကျင်ဆန္ဒပြနေပါသည်။

အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် သပိတ်မှောက်ခြင်း၊ လမ်းပေါ်တွင် ငြိမ်းချမ်းစွာဆန္ဒပြခြင်း၊ ရုံးမတက်ခြင်း၊ သံပုံးများနှင့် အိုးခွက်များကို တီးခေါက်ခြင်း စသဖြင့်ပုံစံမျိုးစုံပါဝင်နေပါသည်။ ထိုလှုပ်ရှားမှုကို လူမှုကွန်ရက်မီဒီယာများကို အသုံးချ၍လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး နှုတ်ဆင့်ကမ်းပြောကြားခြင်းဖြင့်လည်းကောင်း ဖော်ဆောင်ခဲ့ပါသည်။ စတင်လုပ်ဆောင်ကတည်းကပင် CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) ကို ပြည်သူလူထုက အကြီးအကျယ်အားပေးထောက်ခံခဲ့ပါသည်။ အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြနေသော ဒီမိုကရေစီဘက်တော်သားများကို တပ်မတော်က အင်အား တိုးသည်ထက်တိုးပြီး အကြမ်းဖက်နှိမ်နင်းနေသည့်အတွက် CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) အပေါ် ထောက်ခံအားပေးကြခြင်း ဖြစ်ပါသည်။ CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) ကို အားပေးထောက်ခံသူများသည် ဖမ်းဆီးနှိပ်စက်ခံရမည့်ဘေးအန္တရာယ်နှင့် သတ်ဖြတ်ခံရမည့်ဘေးအန္တရာယ်များကို ရင်ဆိုင်နေရသော်လည်း မိမိတို့ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ရာတွင် သပိတ်မှောက်ခြင်း၊ ရုံးမတက်ခြင်း၊ ငြိမ်းချမ်းစွာစုရုံးခြင်း၊ အကြမ်းမဖက် ဆန္ဒပြခြင်း နည်းများကိုသာ အသုံးပြုနေခဲ့ပါသည်။

ကျွန်ုပ်တို့အနေနှင့် ယခုကဲ့သို့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက် CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) ကို အမည်စာရင်းတင်သွင်းခြင်းမှာ အကြမ်းမဖက်သောနည်းလမ်းများကိုသုံးပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် လုပ်ဆောင်နေသော အာဏာသိမ်းဆန့်ကျင်ရေးလှုပ်ရှားမှုကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။

CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) သည် မြန်မာနိုင်ငံအတွင်း ခိုင်မာအားကောင်းသော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် အကျိုးရှိသောစီမံချက်တစ်ခုကို ပုံဖော်ရာတွင် အဓိကကျသောအရာဖြစ်ပါသည်။ ဆန္ဒပြမှုများ တိုးတက်လာသည်နှင့်အမျှ လူထု၏တောင်းဆိုချက်သည်လည်း ပိုမိုကျယ်ပြန့်လာပါသည်။ အန်အယ်လ်ဒီပါတီ အာဏာပြန်ရရေးတောင်းဆိုချက်မှသည် စစ်မှန်သောဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက်အခြေခံကျသောပြောင်းလဲမှုများရရှိရေး တောင်းဆိုချက် ဆီသို့ တိုးတက်လာပါသည်။ CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) သည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့်လည်းကောင်း၊ လူနည်းစုတိုင်းရင်းသားအဖွဲ့အစည်းများ ( နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့များ)နှင့်လည်းကောင်း အတူပူးတွဲပြီး အားလုံးသဘောတူပါဝင်သော တပ်ပေါင်းစုရပ်တည်ချက်တစ်ခုကို ဖော်ဆောင်ရန်ကြိုးပမ်းနေပါသည်။ စစ်တပ်၏ သွေးခွဲအုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ခိုက်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ထူထောင်ရန်အတွက် ရပ်တည်ချက်ဖြစ်ပါသည်။ ယင်းကြိုးပမ်းချက်သာ အောင်မြင်မည်ဆိုပါက မြန်မာနိုင်ငံအတွင်း နှစ်ပေါင်းများစွာ တည်ရှိနေခဲ့သည့် စစ်တပ်အုပ်ချုပ်ရေး အစဉ်အလာကိုလည်းကောင်း၊ မြန်မာပြည်အတွင်းဖြစ်ပွားနေခဲ့သည့် စစ်ပွဲနှင့်ပဋိပက္ခများကိုလည်းကောင်း အဆုံးသတ်နိုင်ပါလိမ့်မည်။

အာဏာရှင်အစိုးရများကို ဆန့်ကျင်ရာတွင် အကြမ်းမဖက် အာဏာဖီဆန်ခြင်းနည်းလမ်းကို အသုံးပြုခဲ့သည့်သမိုင်းမှာ နှစ်ပေါင်းများစွာရှည်ကြာခဲ့ပါပြီ။ အကြမ်းမဖက်နည်းလမ်းကို အသုံးပြုခဲ့သည့် ဒလိုင်းလားမားနှင့် ဒေါက်တာမာတင်လူသာကင်း တို့ အပါအဝင် ခေါင်းဆောင်တချို့ကိုလည်း ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအဖွဲ့က အသိအမှတ်ပြုခဲ့ဖူးပါသည်။ မြန်မာနိုင်ငံ၏ CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) သည် အာဏာရှင်အစိုးရကို ဆန့်ကျင်ရာတွင်လည်းကောင်း၊ လွတ်လပ်ရေး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်ရာတွင်လည်းကောင်း ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းနည်းလမ်းနှင့် အကြမ်းမဖက်အာဏာဖီဆန်ခြင်းနည်းလမ်းများကို အသုံးပြုခြင်းဖြင့် အဆိုပါသမိုင်းလမ်းကြောင်းတစ်ခုတည်းပေါ်တွင်ပင် လျှောက်လှမ်းနေပါသည်။

ပြည်သူပြည်သားသန်းပေါင်းများစွာသည် CDM ( အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု) ၏ အစိတ်အပိုင်းအဖြစ် မိမိတို့ကိုယ်ကို သတ်မှတ်ထားကြပါသည်။ ယခုကဲ့သို့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုအတွက် အမည်စာရင်းတင်သွင်းခြင်းသည် ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ငြိမ်းချမ်းစွာ အသက်ရှင်သန်နိုင်ခွင့်အတွက် တိုက်ပွဲဝင်နေကြသော မြန်မာပြည်သူပြည်သားအားလုံးကို အသိအမှတ်ပြုလိုက်ခြင်း ဖြစ်ပါသည်။

လေးစားစွာဖြင့်

ခရစ္စတင်း စတိုကဲ
လူမှုပထဝီပညာ ပါမောက္ခ ( လူမှုဗေဒနှင့် လူမှုပထဝီပညာဌာန၊ အော်စလိုတက္ကသိုလ် )

မက်တဲ အင်ဒါဆင်
လူမှုဗေဒပါမောက္ခ ( လူမှုဗေဒနှင့် လူမှုပထဝီပညာဌာန၊ အော်စလိုတက္ကသိုလ် )

ဘင်နီဒစ်တဲ ဘူးလ်
နိုင်ငံရေးသိပ္ပံပညာ ပါမောက္ခ ( ဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဌာန၊ အော်စလိုတက္ကသိုလ် )

ကက်နက် ဘိုနီဆင်
လူမှုပထဝီ တွဲဘက်ပါမောက္ခ ( လူမှုပထဝီဌာန၊ အော်စလိုတက္ကသိုလ် )

ကာရင် လင်ဒါ အိုဘရိုင်ယန်
လူမှုပထဝီပညာပါမောက္ခ ( လူမှုဗေဒနှင့် လူမှုပထဝီပညာဌာန၊ အော်စလိုတက္ကသိုလ် )

အိုလေ တွန်ကွစ်
နိုင်ငံရေးသိပ္ပံပညာ ပါမောက္ခ ( နိုင်ငံရေးသိပ္ပံပညာဌာန၊ အော်စလိုတက္ကသိုလ် )